# လူထုစည်းရုံးရေးမိတ်ဆက်

ဒေါက်တာနိုင်အောင်

FDB

မြန်မာနိုင်ငံဒီမိုကရေစီအင်အားစု

Forum for Democracy in Burma

# လူထုစည်းရုံးရေးမိတ်ဆက်

ဒေါက်တာနိုင်အောင်

## ပုံနှိပ်မှတ်တမ်း

**ပုံနှိပ်ခြင်း**

ဒုတိယအကြိမ်
ဇူလိုင်လ၊ ၂၀၀၈ ခုနှစ်

အုပ်ရေ
၁၀၀၀

**မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု**

**(Forum for Democracy in Burma) မှ**

**ထုတ်ဝေ၊ ဖြန့်ချိပါသည်။**

P.O Box: 83, Mae Sot, 63110, Tak Province,
Thailand.
email: democraticforum@csloxinfo.com
http://www.democraticforumburma.org

## အိမ်နီးချင်းတွေရဲ့ ရုန်းကန်မှု။

အင်ဒိုနီးရှားနိုင်ငံရဲ့ အရှေ့ဖက်ခြမ်းမှာ ကျွန်းပေါင်း ၁၀၂၈ ခုပါတဲ့ မာလကုကျွန်း ဆိုတာရှိပါတယ်။ အဲဒီမှာရှိနေတဲ့ ဌာနေကျွန်းသူ၊ ကျွန်းသားတွေဟာ ငါးဖမ်းအသက်မွေး ဝမ်းကျောင်းမှုကို မိရိုးဖလာလုပ်ပြီး နှစ်ပေါင်းများစွာ ငြိမ်းငြိမ်းချမ်းချမ်း နေလာခဲ့ကြ ပါတယ်။ လွန်ခဲ့သော ၁၀ နှစ်ကျော်မှာ ငါးဖမ်းလုပ်ငန်းရှင် ကုမ္ပဏီကြီးတွေက ရုပ်ဝတ္ထုပစ္စည်းအပြည့်အစုံနဲ့ ဝင်ရောက်ရင်းနှီးမြှုပ်နှံပြီး လုပ်ကိုင်တဲ့အတွက် ဒေသခံ တံငါသည်တွေခမျာ ဖောင်စီးရင်း ရေငတ်ဖြစ်ကြရပါတယ်။ အစိုးရဝန်ထမ်း တွေကလည်း လာဘ်စားပြီး ကုမ္ပဏီရဲ့ အကျိုးစီးပွားကိုသာ ဦးစားပေးနေတော့ ဒေသခံ ပြည်သူများမှာ ခိုကိုးရာမဲ့ ဖြစ်ရရှာတယ်။

ဒါပေမယ့် အဲဒီက ပြည်သူတွေဟာ သူတို့ရဲ့ ပတ်ဝန်းကျင်နဲ့ အရင်းအမြစ်တွေကို ရရှိခံစား နိုင်ခွင့်ရှိဖို့ သူတို့နည်း သူတို့ဟန်နဲ့ တိုက်ပွဲဝင်လာတာ အခုဆိုရင် သူတို့တွေနဲ့ လွတ်လွတ်လပ်လပ် ဖွဲ့စည်းထားတဲ့ ရိုးရာအခြေခံ အဖွဲ့အစည်းတွေ၊ ပြည်သူ့သမဝါယမတွေ၊ စီးပွားရေး ကုမ္ပဏီတွေ အရေးပေါ်ကယ်ဆယ်ရေးတွေကို ဆောင်ရွက်ပေးတဲ့ ကိုယ်ထူ ကိုယ်ထ လူမှုရေးအဖွဲ့အစည်းတွေရှိလာပြီး ကိုယ့်ဘဝကိုယ် ပြဌာန်း နေနိုင်ကြပါပြီ။

ကမ္ဘောဒီးယားနိုင်ငံရဲ့ ဖနွမ်းပင်မြို့တော် ကျူးကျော်ရပ်ကွက်မှာ နေကြတဲ့ အမျိုးသမီးတွေဟာ မီးဖိုချောင်ထဲကနေ သူတို့မြင်တွေ့နေကြတဲ့ သူတို့ရဲ့ ပတ်ဝန်းကျင် ကိုကြည့်ပြီး စိတ်မချမ်းမသာ ဖြစ်ကြရပါတယ်။ ရေမလာဘူး၊ မီးမရှိဘူး၊ ရပ်ကွက်က ညစ်ပတ်နေတယ်။ လမ်း မရှိဘူး။ အဲဒါနဲ့ ပြီးခဲ့တဲ့ ငါးနှစ်လောက်ကစပြီး ကိုယ်ထူ ကိုယ်ထနည်းနဲ့ စည်းရုံးလှုပ်ရှားကြတဲ့အခါ လမ်းကိစ္စ၊ မီးကိစ္စ၊ ရေကိစ္စတွေကို ဖြေရှင်း နိုင်ခဲ့ပါတယ်။ ဒ့ါအပြင် ရပ်ကွက် (၆) ခုစလုံးမှာရှိတဲ့ အမျိုးသမီးတွေရဲ့ အစည်းအရုံး ပေါ်လာပြီး အသေးစားငွေချေးလုပ်ငန်းတွေ၊ အမျိုးသမီးတွေရဲ့ စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းတွေပါ လုပ်နိုင်လာတာ အခုဆိုရင် ရပ်ကွက်(၁၀)ခုအထိ ချဲ့ထွင်နိုင်ခဲ့ပြီး တချို့ ဆိုရင် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့တွေမှာပါ ရွေးချယ်ခံနေရပါပြီ။

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရဲ့ မြို့စွန်မြို့ဖျားမှာ ဆင်းရဲတဲ့ လက်လုပ်လက်စား ပြည်သူတွေဟာ ကျူးကျော်တဲပုံစံနဲ့ နေရပါတယ်။ သူတို့ဟာ အကြောင်းမျိုးမျိုးကြောင့် အိမ်ပိုင်ယာပိုင်၊ အိမ်ငှားမနေနိုင်ကြလို့ လွတ်တဲ့မြေနေရာတွေမှာ တဲထိုး၊ အိမ်ဆောက် နေကြရတာပါ။ အစိုးရကလည်း အဲဒီနေရာတွေကနေ သူတို့ကို မောင်းထုတ်ဖယ်ရှားဖို့

ကြိုးစားပါတယ်။ အဲဒီမြေတွေကို ဝယ်တဲ့သူပေါ်လာရင်တော့ အလျင်အမြန် မောင်းထုတ်ခံကြရတာပေါ့။ ကြာလာတော့ ငါတို့လည်း လူချင်းအတူတူ လူတိုင်းရရှိခံစားခွင့်ရှိတဲ့ အခြေခံလိုအပ်ချက်ကိုတော့ ပြည့်စုံအောင် ကြိုးပမ်းမှ ရမယ်လို့ တွေးကြတဲ့ လူတွေ ပေါ်လာပြီး စည်းရုံးလှုပ်ရှားကြပါတယ်။ သူတို့တိုက်ပွဲဟာ (၁၅)နှစ်ကျော် ရှိနေပါပြီ။ အဆင်းရဲဆုံးအလွှာ အတန်းအစားဖြစ်နေတော့လည်း ဘက်ပေါင်းစုံ နင်းပြား၊ အလေးမထားခံရဆုံး အခြေအနေပေ့ါ။ ဒါပေမယ့် သူတို့ရဲ့ ဘဝကို စာနာနားလည်တဲ့ သူတွေရဲ့ ကူညီအားပေးမှုနဲ့ စည်းရုံးလှုပ်ရှားကြတာ အစိုးရအာဏာပိုင် အဆင့်တွေနဲ့ ဆွေးနွေး ညှိနှိုင်းနိုင်ပြီး တချို့ဆိုရင် အစိုးရက လုပ်ပေးတဲ့ အိမ်ရာတွေမှာ နေထိုင်ခွင့် ရနေပါပြီ။

## ဒီလိုပြောင်းလဲမှုတွေဘယ်လိုဖြစ်သွားတာလဲ။

အခုနကပြောခဲ့တဲ့ ကိစ္စတွေဟာ ကျနော်တို့ အိမ်နီးချင်း ပြည်သူတွေထဲက လှုပ်ရှားမှု တချို့သာ ဖြစ်ပါတယ်။ အလွှာအသီးသီး၊ ဒေသအသီးသီးမှာ အဲဒီလိုဖြစ်စဥ်တွေ အများကြီး ရှိနေပါတယ်။

တကယ်တန်းကြည့်ရင် ကျနော်တို့ ပတ်ဝန်းကျင်မှာ တခုခုလုပ်ဖို့ ပြောင်းလဲပစ်ဖို့ လိုအပ်နေတဲ့ အနေအထားတွေ အများကြီးပါ။ ရပ်ကွက်ထဲမှာ ရေမလာဘူး။ ကလေးတွေ အတွက် ကျောင်းမရှိဘူး။ လယ်ထဲသွင်းဖို့ရေ လုံလုံလောက်လောက်မရှိဘူး။ စက်ရုံထဲမှာ အလုပ်လုပ်ရင်း ထိခိုက်မှုတွေ ပိုဖြစ်လာတယ်။ ကျောင်းစရိတ်ကြီးတယ်။ ဝတ်ပြုကျောင်း၊ ဘုရားကျောင်းတွေ ပေးမဆောက်ဘူး။ မီးမလာ၊ ရေမလာဘူး။ အစစ ရှိသဖြင့်ပေ့ါလေ။ တဦးတယောက်တည်း အနေနဲ့ဖြေရှင်းလို့ မရနိုင်တဲ့ကိစ္စ တွေပါ။ ဒ့ါအပြင် မတရားတဲ့ ဖိနှိပ်ခံရတဲ့ အဖြစ်သနစ်တွေလည်း ရှိနေတာပါပဲ။

ဒါပေမယ့် ပြဿနာက လူတော်တော်များများက ထိုင်ကြည့်နေကြတယ်။ တချို့က လည်း မကျေမနပ်နဲ့ ပွစိပွစိလုပ်နေတယ်။ တချို့ကလည်း ကံ၊ ကံရဲ့အကျိုးလို့ ရိုးမယ်ဖွဲ့ နေကြတယ်။ တချို့ကလည်း တကိုယ်ကောင်း ထွက်ပေါက်ရှာတယ်။ အချိန်ပေးရမယ့် ကိစ္စ၊ အနစ် နာခံရမယ့် အခြေအနေ၊ အာဏာပိုင်တွေနဲ့ ထိပ်တိုက်တိုးရမယ် ဆိုရင်လည်း ကိုယ်နဲ့ကိုယ့်မိသားစုများ လက်တုန့်ပြန်ခံရလေမလားဆိုတဲ့ "လား" ပေါင်းများစွာ အနေအထားတွေကြောင့် အပြောင်းအလဲတိုးတက်မှု လမ်းစကို မရောက်ကြပါဘူး။

ဒီလိုအပြောင်းအလဲ တိုးတက်မှုတွေကို ဖြစ်ခဲ့တဲ့ သာဓကတွေကို ကြည့်မယ်ဆိုရင် ငါတို့ဘဝကို ငါတို့ဖန်တီးမယ်ဆိုတဲ့ ခံယူချက်နဲ့စည်းရုံး လှုံ့ဆော် လှုပ်ရှားဆောင်ရွက်တဲ့ ဖြစ်စဉ် တခုရှိခဲ့လို့ပါပဲ။ ပြောင်းလဲတိုးတက်မှုကို လိုချင်တဲ့စိတ်၊ ယုံကြည်ချက်နဲ့ လက်တွေ့ဆောင်ရွက်မှုကို လှုံ့ဆော်ခဲ့ကြလို့ပါပဲ။ အဲဒါဟာ စည်းရုံးရေးပါပဲ။

## ❖ လူထုစည်းရုံးရေးရဲ့ အခြေခံသဘောတရား။

အခုတင်ပြလိုတဲ့ Community Organizing ကို လူထုစည်းရုံး ရေးလုပ်လို့ အလွယ်တကူ ခေါ်ဝေါ်သုံးစွဲနေတာ ဖြစ်ပေမယ့် တကယ်တမ်းတော့ လူတစု (သို့မဟုတ်) အလွှာတခုခုကို သူတို့ရဲ့ ပြဿနာ သူတို့ဘာသာ သိမြင်ပြီး တိုးတက်မှု ရလဒ်တခု အတွက် အဖြေရှာ၊ စုစည်း၊ လှုပ်ရှား အကောင်အထည် ပေါ်လာအောင် လှုံ့ဆော် ပေးမှုလို့ ယေဘုယျ အဓိပ္ပါယ်ဖွင့်ရမှာ ဖြစ်ပါတယ်။

## ❖ တယောက်ချင်းအစုအဖွဲ့။

ဒီနေရာမှာ Communityဆိုတဲ့ ဝေါဟာရကို မိတ်ဆက်ပေးလိုပါတယ်။ အဘိဓာန်ရဲ့ အလိုအရကတော့ "အသီးအသန့် နေထိုင်သောလူစု၊ ရပ်ကွက်၊ အစု"၊ "အမျိုး၊ ဘာသာ၊ သက်မွေးဝမ်းကျောင်း စသည်ခြင်း တူညီသောလူအစု၊ အုပ်စု"လို့ ဖြစ်ပါတယ်။ ကျောင်းသားအလွှာ လယ်သမားလူတန်းစား ဆိုတာတွေကလည်း Community ဖြစ်သလို အဲဒီထဲမှာပဲ ရန်ကုန်တက္ကသိုလ်မှာရှိနေတဲ့ ကျောင်းသားအုပ်စု၊ ပဲခူးတိုင်းမှာ ရှိနေတဲ့ လယ်သမားအုပ်စုတွေကလည်း Community ဖြစ်ပါတယ်။ ရပ်ကွက်ကြီး တခုလုံးကလည်း Community၊ အဲဒီရပ်ကွက်ထဲက အိမ်ထောင်ရှင်မများအသင်း ကလည်း Community ဖြစ်ပါတယ်။

စည်းရုံးရေး သဘောအမြင်အရတော့ အကြောင်းအရာ၊ စိတ်ဝင်စားမှုနဲ့ နောက်ခံ အခြေအနေတူညီတဲ့ လူစုတစု (သို့မဟုတ်) အုပ်စုကို Community လို့ ချဉ်းကပ်ပါတယ်။ သာမန် သူ့ဖာသာသူ တစစီ ကြဲကြဲပြန့်ပြန့် တန်းတလျား ရှိနေတဲ့ ကျောင်းသားတွေ အားလုံးကို Community လို့ စည်းရုံးမှုရလဒ်အခြေခံအရ မချဉ်းကပ်လိုပါဘူး။ ဆိုလိုတာက ပန်းတိုင်တူတဲ့ စုစည်းမှုကိုပိုပြီး ရှေ့ဆောင်ပါတယ်။ ထုထုထည်ထည်နဲ့

ဖြစ်လာအောင် စည်းလုံးလာတဲ့ လူအုပ်စုတခု ဖြစ်လာအောင် လှုံ့ဆော်တဲ့နေရာမှာ အခြေခံထားရမယ့် သဘောထားတွေ ရှိပါတယ်။

၁။ ဘာကြောင့် လူစုရသလဲ။ တဦးတယောက်တည်း လုပ်လို့မရတဲ့ကိစ္စတွေ ဖြစ်လို့ပါပဲ။ အလားတူ အခြေအနေမျိုးမှာ ရှိနေတဲ့ အခြားလူတွေမှာရော အလားတူ အမြင်ရှိနေသလား။ အဲဒီလို လူတွေ ကိုယ့်ပတ်ဝန်းကျင်မှာ ရှိနေတယ်ဆိုတာ သိရရင်ပဲ အဲဒီလူတယောက်ချင်းစီမှာ မျှော်လင့်ချက်၊ နိုးကြားမှု၊ ခွန်အားတွေ ရလာပါတယ်။ ဘဝတူဆိုတဲ့ အမြင်ကရတဲ့ နှောင်ဖွဲ့မှုဟာ စုပေါင်းရုန်းကန်မှုဆိုတဲ့ စုစည်းမှုကို ရှေ့ ဆောင်သွားစေနိုင်ပါတယ်။

၂။ တဦးတယောက်နဲ့ လုပ်လို့မရလို့ စုလုပ်တဲ့အချိန်မှာ အားလုံးပါဝင်မှုရှိတဲ့ ဖြစ်စဉ်ကို အမြဲသတိပြုနေရပါမယ်။ လူစုလိုက်ရင် ခေါင်းဆောင်ဆိုတာ ပေါ်လာမြဲဖြစ်ပေမယ့် ခေါင်းဆောင်ရဲ့ နောက်ကိုပဲ တုံဏှိဘာဝေ၊ ယောင်ချာချာနဲ့လိုက်နေတဲ့ နောက်လိုက်တစုကို စုစည်းတာ မဟုတ်ဘဲ အားလုံးက ငါတို့အတူတူ တိုင်ပင်ဆွေးနွေး ညှိနှိုင်းလုပ်ဆောင်တဲ့ အရာလို့ ပါဝင်မှုကို ဖြစ်စေအောင် လုပ်ရပါမယ်။ အဲဒါမှ ငါလည်းပါတဲ့ဟာဆိုတဲ့ အကြောင်းကြောင့် ငါတာဝန်ရှိတယ်၊ ငါလည်း လုပ်ရမယ်ဆိုတဲ့ တိမ်းညွတ်မှုကို ဖြစ်ပါတယ်။ ဒီကိစ္စဟာ ငါအပါအဝင် အားလုံးပိုင်ဆိုင်တဲ့ ကိစ္စတရပ်လို့ ဖြစ်ထွန်းစေမှုဟာ ဒီအစုအဖွဲ့ရဲ့ စိတ်ဓာတ်နဲ့ လုပ်ရပ်ကို ခိုင်မာစေပါတယ်။

၃။ လူထုကို စည်းရုံးပြီး ပြဿနာတခုကို အဖြေရှာ ဖော်ထုတ်တိုင်းမှာ စည်းရုံးလှုံ့ဆော်မှု ကိုပြုတဲ့ သူတွေဟာ ကိုယ်ကိုတိုင်က ဘယ်လိုဖြစ်တယ်၊ ဘာလုပ်မယ်ဆိုတဲ့ သုံးသပ်ချက်၊ ဆုံးဖြတ်ချက်တွေကို ရှေ့ကနေ အရင်ပြောပြတာမျိုးဖြစ်အောင် မလုပ်သင့်ပါဘူး။ လူတိုင်းမှာ မတူညီတဲ့ အတွေ့အကြုံတွေရှိတယ်။ လူတိုင်း စဉ်းစားနိုင်တယ်။ တခုခုကို ပြောနိုင် လုပ်နိုင်တယ် ဆိုတာကို တန်ဖိုးထား အသိအမှတ်ပြုဖို့ လိုပါတယ်။ အဲဒါတွေကို ဖေါ်ထုတ်ပေးဖို့ လိုပါတယ်။ အချင်းချင်း မြင်သွားအောင် ဆောင်ရွက်ပေးရပါမယ်။ စုပေါင်း အဖြေရှာမှုကို ဖြစ်စေရမယ်။ ယေဘူယျအားဖြင့်မှာလည်း လူတွေက အားကိုးရှာတတ်ပါတယ်။ မှီခို တတ်ကြပါတယ်။ ကိုယ်ကိုတိုင်က အပင်ပန်း ခံဖို့ မကြိုးစားဘဲ ခူးပြီး၊ ခပ်ပြီး အဆင်သင့်ကို ပိုမိုနှစ်သက်လေ့ရှိပါတယ်။ ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်ဒူးကိုယ်ချွန်ဖြစ်တဲ့ ပြည်သူလူထုကို လိုချင်ရင်၊ ပြည်သူ့အားဆိုတာကို တည်ဆောက်ချင်ရင်တော့ သူရဲကောင်းဝါဒ၊ တကိုယ်တော် ဝါဒတွေ ဖျောက်ရပါလိမ့်မယ်။ ပြည်သူသာ အဓိက၊ ပြည်သူသာအခရာဆိုတဲ့ ကြွေးကြော်သံကို ကိုယ့်ခေါင်း

ဆောင်မှုရဖို့အတွက် သက်သက်မဟုတ်ဘဲ ကိုယ့်ကိုကိုယ် ယုံကြည်မှုအပြည့်ရှိတဲ့ ပြည်သူလူထုဖြစ်အောင် အနှစ်သာရရှိရှိ ဖော်ဆောင်ဖို့လိုပါတယ်။

**၄။** စည်းရုံးရေးလမ်းစဉ် တလျှောက်လုံးမှာ လူတိုင်းလူတိုင်း စဉ်းစားမှုကို အား ထုတ်ဖို့၊ ဝေဖန် ခွဲခြားတတ်ဖို့၊ အမှားအမှန် ပိုင်းခြားနိုင်ဖို့ ဘာလုပ်ရင်ကောင်းမလဲ ဆိုတဲ့ ရှေ့တိုး စဉ်းစားချက်တွေ ရှိလာဖို့ အားထုတ်ပေးရပါမယ်။ အထက်က ပြောခဲ့သလိုပဲ ကျွန်တော်တို့ တတွေဟာ သူများ အပြောကို အရင် စောင့်ထတ်ကြတယ်။ တယောက် ယောက် ခြေတလှမ်းတိုးမှ ကိုယ်က ခြေလှမ်း ဟန်ပြတယ်။ ဒါတွေကို ဖျောက်နိုင်အောင် ကြိုးစားပေးရပါမယ်။

အထူးသဖြင့် ဖိနှိပ်ခံနေရတဲ့သူတွေ၊ တသက်လုံး သူများပြောသမျှကိုပဲ လုပ်နေရတဲ့သူတွေ ဆိုရင် စဉ်းစားမယ်ဆိုတဲ့ အလေ့အကျင့်တောင် မရှိတတ်ကြတော့ပါဘူး။ ဒါကြောင့်မို့လို့လည်း ဖိနှိပ်သူ တွေက ပိုပြီးဖိနှိပ်နေနိုင်တာ ဖြစ်ပါတယ်၊ လူတိုင်းမှာရှိတဲ့ ဦးနှောက်ကို အသုံးချတတ်လာအောင် လှုံ့ဆော်ပေးသင့်ပါတယ်။ လူတွေကို မစဉ်းစား တတ်အောင်၊ မပြောရဲအောင် လုပ်ထားမယ်ဆိုတာ အာဏာရှင်တွေရဲ့အလုပ်ပါ။

နောက်တခုက တချို့သူများဟာ ပင်ကိုယ်သဘာဝအရ အခြေအနေ အကြောင်း ကြောင်းကြောင့် နှုတ်မရဲတာတွေ ရှိပါတယ်။ အားပေးမှုပြုပြီး သူ့ရဲ့ပါဝင်လာမှုကိုကြိုးစားပေး သင့်ပါတယ်။

**၅။** လူတိုင်းဟာ ကိုယ့်ပြဿနာကို အခြေခံ စဉ်းစားလေ့ရှိပါတယ်။ ကိုယ့်ကို ထိခိုက် လာမှသာ ပါဝင်ပတ်သက်တတ်ပါတယ်။ ဒါ့ကြောင့်မို့ ပြည်သူလူထုကို ချဉ်းကပ်ရာမှာ သူတို့ လက်တွေ့ကြုံနေရတဲ့ ပြဿနာ၊ အခက်အခဲကို အခြေခံပြီး သူတို့ကို လှုံ့ဆော် ပေးမှသာ ပါဝင်ပတ်သက် မှုများလာမှာ ဖြစ်ပါတယ်။ တကယ်တန်းပြန်ကြည့်ရင်လည်း သူတို့ နေ့စဉ် ကြုံတွေ့နေရတဲ့ အဓိက အခက်အခဲ ပြဿနာကို ကျော်လွှားပြီး အရမ်း အလှမ်းဝေးတဲ့ ကိစ္စတခုကို ပြောနေရင် ဘယ်လိုခံစားလို့ရမှာလဲ။ လူတစုကို စည်းလုံး စေချင်ရင် သူတို့အားလုံးနဲ့ ပတ်သက်တဲ့ အကြောင်းအရာ ပြဿနာကို အခြေခံတာဟာ ဆုံချက်ကို ရှာခြင်းပါပဲ။

**၆။** စည်းရုံးရေးဖြစ်စဉ်တိုင်းဟာ ရေရှည်အမြင် ပန်းတိုင်တရပ် ရှိဖို့လိုပါတယ်။ ပန်းတိုင် တိုင်းကလည်း အခြေခံလူ့အခွင့်အရေးတွေနဲ့ တနည်းတဖုံ ဆက်စပ်ဖို့လိုပါ တယ်။ တကယ်တန်းတော့ လူ့ပတ်ဝန်းကျင်ထဲမှာ ကြုံတွေ့နေရတဲ့ ပြဿနာတွေဟာ လူ့အခွင့် အရေးဆိုင်ရာ ပြဿနာတွေချည်းပါပဲ။ လတ်တလောမှာ ကျောင်းဖယ်ရီ စရိတ်၊

ကျူရှင်စရိတ်တွေကို စုရုံးအဖြေ ရှာနေပေမယ့် တကယ်တော့ ပညာသင်ကြားပိုင်ခွင့် ထဲက အခြေအနေတရပ်ပါပဲ။ လယ်သမားတွေ ဆည်ရေသွင်း ပြဿနာကို ဝိုင်းဝန်း ဆောင်ရွက်နေပေမယ့် အသက်ရှင်ပိုင်ခွင့် အခြေအနေတရပ်ပါပဲ။ လူ့အခွင့် အရေး ဆိုတဲ့ ပြဋ္ဌာန်းဖော်ပြချက်တွေဟာ လူတွေရဲ့ လက်တွေ့နေ့စဉ်ဘဝ အခြေခံ လိုအပ်ချက် တွေက ဖြစ်ထွန်းလာတာဖြစ်လို့ အခြေခံပြဿနာတွေကို စုရုံးကိုင်တွယ်ရာ မှာလည်း ပိုမို ကျယ်ပြန့်တဲ့ပန်းတိုင်၊ အခြားအခွင့်အရေးတွေကိုပါ ဆုပ်ကိုင်နိုင်တဲ့ ပန်းတိုင်ကို လည်း အမျှော်အမြင်ရှိထားဖို့ လိုပါလိမ့်မယ်။

**၇။** တကယ်တော့ အခုတင်ပြခဲ့တဲ့ ကိစ္စတွေအားလုံးဟာ ဒီမိုကရေစီနဲ့ လူ့အခွင့် အရေး ကျင့်သုံးမှုတွေကို လူ့အဖွဲ့အစည်းထဲမှာ လေ့ကျင့်တည်ဆောက်နေတာပါပဲ။ ပြည်သူတွေအတွက် ပြည်သူရဲ့အာဏာကို ပြည်သူက ကျင့်သုံးခြင်းဆိုတာကို အခြေခံချ အုတ်မြစ်တည်တာ လူထုစည်းရုံးရေးဆိုတဲ့ ကိစ္စရဲ့ဦးတည်ချက်ပါပဲ။ သူတို့ရဲ့ အခွင့် အရေးကို ကိုယ်တိုင်သိရှိပြီး ထိန်းသိမ်း စောင့်ရှောက်နိုင်ဖို့ ကြိုးပမ်းမှု ဖြစ်စေတာ လူထုစည်းရုံးရေးကိစ္စရဲ့ ဦးတည်ချက်ပါပဲ။ ဒါတွေကို ကျင့်သုံးနိုင်တဲ့ လူ့အဖွဲ့အစည်း ဖြစ်လာပြီဆိုရင် ဘယ်အာဏာရှင်မှ အမြစ်မတွယ်နိုင်တော့ပါဘူး။ ဒီမြေရှိလို့ ဒီအပင် ရတာပါ။ ကျွန်တော်တို့ ခံနေလို့၊ သူတို့ စံနေတာပါ။

အပြောင်းအလဲကိုလိုချင်ရင် ကိုယ်ဖြစ်စေချင်တဲ့ အပြောင်းအလဲအတိုင်း ကိုယ် ကိုတိုင် ပြောင်းလဲကြဖို့ လိုပါတယ်။ အဲဒါကမှ အသီးတရား၊ အညွှာတခု ဖြစ်ပါတယ်။

ဒီမိုကရေစီဆိုတဲ့ ပန်းတိုင်ကိုရောက်ဖို့ ဒီမိုကရေစီကို ကျင့်ကြံအားထုတ်နေပါမှ အဲဒီ ဖြစ်စဉ်ရှိပါမှ ရောက်မှာပါ။

လူ့အခွင့်အရေးဆိုတာ မွေးရာပါအခွင့်အရေးဖြစ်ပေမယ့် ထိန်းသိမ်းစောင့် ရှောက်မှု မရှိရင်တော့ အလွဲသုံးစား အလုပ်ခံရမှာပါပဲ။

ကိုယ့်ဆီကလုယူနေတာကို တယောက်ချင်း ငုတ်တုတ်ထိုင်ကြည့် နေကြမယ် ဆိုရင်တော့ ဆက်လက်ပြီး ဆုံးရှုံးနေကြမှာပဲ ဖြစ်ပါတယ်။ ဒီတော့ စုပေါင်းလုပ်ဆောင် ကြမယ်။ စည်းလုံးဖို့အတွက် စည်းရုံးကြမှ ဖြစ်မှာပါ။

လူထုစည်းရုံးရေးဆိုတာ ပြဿနာတရပ်ကို အကျုံးဝင်ပတ်သက် နေတဲ့သူတွေက သူတို့ဖာသာ သူတို့ သုံးသပ်စိတ်ဖြာ အဖြေရှာပြီး ပြောင်းလဲမှုရလဒ်တခုအတွက် စုပေါင်းလုပ်ဆောင်လာအောင် စေ့ဆော်တွန်းတင်ပေးတဲ့ လုပ်ငန်းစဉ်ပါပဲ။

❑❑❑❑❑❑❑

# လူထုစည်းရုံးရေး အမြင်(၂)မျိုး

အတွေ့အကြုံတွေအရပြောရရင် စည်းရုံးရေးအမြင် (၂) မျိုး ရှိပါ တယ်။

## (၁) ရှေ့ဆောင်တဲ့ စည်းရုံးရေး

ကိုယ် (သို့မဟုတ်) ကိုယ့်အဖွဲ့အစည်းက မြင်တဲ့ ယုံကြည်ချက်၊ ယူဆချက်ကို လက်ခံလာ အောင်၊ လိုက်ပါလာအောင် စည်းရုံးတဲ့အမြင်နဲ့ လုပ်ဟန်ဖြစ်ပါတယ်…။ တနည်းပြောရရင် ကိုယ့်ရဲ့ အတွေးအခေါ်ကို "ရောင်း"တာဖြစ်ပြီး ကိုယ့်ရဲ့ ဦးဆောင်မှုကို လက်ခံလိုက်ပါစေဖို့ ကြိုးစားတာသာဖြစ်ပါတယ် …။ ထင်သာမြင်သာ ရှိတဲ့ ဥပမာကတော့ တရားဟောပြောပွဲတွေလို ပုံစံမျိုး ဖြစ်ပါတယ် …။

| ရှေ့ဆောင်တဲ့စည်းရုံးရေး | စေ့ဆော်တဲ့ စည်းရုံးရေး |
|---|---|
| ☆ ရှေ့ထွက်ဦးဆောင်မှုပေးရတယ်၊ ကောင်းကျိုး ဆိုးကျိုးများအတွက် တာဝန်ခံမှုက ကိုယ့်ဆီမှာ ရှိတယ်။ | ★ စည်းရုံးတဲ့သူက စေ့ဆော်ရေးကိုပဲ ဦးစားပေးတယ်။ လူထုက သူတို့အားလုံးရဲ့ သဘောနဲ့ သင့်တော်သူကို ဦးဆောင်မှု ပေးတတ်ဖို့ ဖြစ်စေတယ်။ |
| ☆ အချိန် အကြာကြီး မလိုဘူး၊ | ★ လူထုက ကိုယ့်ဖာသာကိုယ် သိမြင်၊ စဝေး၊ လုပ်ဆောင် လာစေဖို့ ဖြစ်စဉ်တခုနဲ့ စေ့ဆော်ရတာမို့လို့ အချိန်တခု ပေးရတယ်၊ |
| ☆ လူထုက "နောက်လိုက်" သဘော "အမိန့်နာခံ" သဘောမှာ အခြေပြုတယ် | ★ ကိုယ့်အနာဂတ်ကို ကိုယ်ပြဋ္ဌာန်းတဲ့သဘောဖြစ်တယ်၊ တဦးချင်းယုံကြည်မှုနဲ့ အားလုံးက ပါဝင် ဆောင်ရွက်တဲ့ ဖြစ်စဉ်ဖြစ်လို့ တာဝန်ယူမှု တာဝန်ခံမှုမှာ "စုပေါင်း" သဘောဆောင်တယ်၊ |
| ☆ ခေါင်းဆောင်မရှိတော့ရင် "ထု" ပျောက်သွား၊ | ★ တပိုလ်ကျ၊ တပိုလ်တက်ဖို့ အလားအလာ များတယ်၊ |

## (၂) စေ့ဆော်တဲ့ စည်းရုံးရေး

ကိုယ့်ဆီမှာ အမြင်တခု၊ တရားတခု ရှိနေပါတယ် ...။ ဒါပေမယ့် အဲဒီအမြင်တခုကို လူတွေ ကြားထဲမှာ သူတို့ကိုယ်တိုင်သိမြင်ပြီး သူတို့ရဲ့အမြင်အဖြစ် ကိုယ်ပိုင် ဖော်ထုတ်မှု ရှိလာအောင်၊ သူတို့ရဲ့ကိုယ်ပိုင်ဆန္ဒ တင်ပြချက် ဖြစ်လာအောင် ဆော်ဩလှုပ်နှိုးပေးတာ ဖြစ်ပါတယ် ...။

နှစ်ခုစလုံးဟာ သူ့လိုအပ်ချက်၊ အခြေအနေနဲ့အညီ အသုံးဝင်တာပါပဲ။ ဒီနေရာမှာ တင်ပြလိုတာကတော့ ကျနော်တို့ အခြေအနေနဲ့ ကိုက်ညီမယ့်၊ လိုအပ်တဲ့ စေ့ဆော်တဲ့ စည်းရုံးရေး ကို ဇောင်းပေးတင်ပြနေတာဖြစ်ပါတယ်။

## ဘာကြောင့်လဲ

## ရေတို အခြေအနေ ...

အခု အခြေအနေမှာက လွတ်လပ်စွာ စည်းရုံး၊ ဟောပြော၊ ထုတ်ဖော်ပြောဆိုခွင့်တွေ အကန့်အကန့်သတ်ထားတယ် ...။ အရေးယူ ဖိနှိပ်မှုက ပြင်းထန်တယ် ...။ လူထုက နေ့စဉ် စားဝတ်နေရေး ရုန်းကန်မှုနဲ့ နပမ်းလုံးနေရတယ် ...။ နိုင်ငံရေးနဲ့ အခွင့်အရေးကိစ္စတွေကို စဉ်းစား၊ ခံစားနိုင်ဖို့ "ချောက်ကြီးတခု" ခြားနေသလို ဖြစ်နေရတယ် ...။

အဲဒီ ချောက်ကြီးကို တံတားထိုးပေးနိုင်တာ "ဆော်ဩတဲ့ လူထု စည်းရုံးရေး" ပါတဲ့ ... နေ့စဉ်ကြုံတွေ့နေရတဲ့ ဘဝပြဿနာတွေကို သိမြင်၊ စုပေါင်းဖြေရှင်းဖို့ လှုံ့ဆော်တည်ဆောက်ပေးတာ လက်တွေ့ အခြေအနေနဲ့ ကိုက်ညီတယ်...။ ပါဝင်မှုရှိဖို့ ဖြစ်နိုင်ပါတယ် ...။

## ရေရှည် အခြေအနေ ...

ဒီမိုကရေစီဆိုတဲ့ အားလုံးရဲ့ ပါဝင်မှုသဘော၊ အခွင့်အရေးဆိုတဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်သဘော၊ ခွဲခြမ်းစိပ်ဖြာ ဝေဖန်သုံးသပ်တဲ့ အလေ့ အကျင့်၊ တဦးချင်း လွတ်လပ်ခွင့်နဲ့ အုပ်စုလိုက် အကျိုးစီးပွားကို ဟန်ချက်ညီစေတဲ့ လုပ်ဟန်၊ အမှားနဲ့အမှန်ကို ခွဲခြားစေနိုင်မယ့် အသိအမြင် ဖွံ့ဖြိုးမှု ...၊ ဒါတွေအားလုံးဟာ ကျနော်တို့ ဖြစ်စေချင်တဲ့ လူ့အဖွဲ့အစည်းရဲ့ ယဉ်ကျေးမှု အခြေခံ အုတ်မြစ်တွေပဲ ဖြစ်ပါတယ် ...။ အဲဒါတွေကို တည်ဆောက်၊

ဆောင်ကျဉ်းပေးနိုင်ဖို့ ပါဝင်မှုရှိစေတဲ့ စေ့ဆော်တဲ့ စည်းရုံးရေးက ဖော်ဆောင်ပေးနိုင်မှာ ဖြစ်ပါတယ် ...။

## လူထုအတွက် လူထုစည်းရုံးရေး

လူထုအနေနဲ့ သူတို့ ကြုံတွေ့နေရတဲ့၊ တူညီတဲ့ ဘဝအမောတွေကို သူတို့ ကိုယ်တိုင် သိမြင်ပြီး ပျော်ရွှင်ဖွယ်ကောင်းတဲ့ အနာဂါတ် အခြေအနေကို စုပေါင်းဖြေရှင်းဆောင်ရွက်လာအောင်၊ လှုံ့ဆော်၊ ပူးပေါင်းပံ့ပိုးပေးခြင်းပဲ ဖြစ်ပါတယ်။

ပြဿနာတွေထဲက လွတ်မြောက်ဖို့၊ ခြုံစောင်ကြီးလိုအုပ်ထားတဲ့ ဖိနှိပ်မှု၊ မွန်းကြပ်မှုပေါင်းစုံထဲက ရုန်းထဖို့၊ သိမ်ငယ်မှုနဲ့ ခွေခေါက်နေတဲ့ ဘဝတွေကို တည့်မတ်၊ ဦးဆောင်စေဖို့ ဖြစ်ပါတယ် ...။ ရေတိုသဘော ဆန်တဲ့ နေ့စဉ်ဘဝပြဿနာလေးတွေကို စတင်ချဉ်းကပ်ရင်း ရေရှည်သဘောဆောင်တဲ့စွမ်းအား တည်ဆောက်မှုကို ဆောင်ရွက်ခြင်းပဲဖြစ်ပါတယ် ...။ အပြင်သဘောဆန်တဲ့ ဆွဲဆောင်၊ စည်းရုံးမှုမျိုးထက်၊ အတွင်းသဘောကျတဲ့ စိတ်အားမာန်ကို ဖွံ့ဖြိုးစေခြင်းပဲဖြစ်ပါတယ် ...။

## လူသားတို့၏ အခြေခံလိုအပ်ချက် (၃)ရပ်

ပြည့်စုံပျော်ရွှင်တဲ့ လူသားဘဝတခုအတွက် လိုအပ်ချက် (၃) ရပ် ရှိပါတယ်။

★ ဦးနှောက်ပိုင်းဆိုင်ရာ (အသိပညာပိုင်းဆိုင်ရာ) လိုအပ်ချက်
★ အစာအိမ်ပိုင်းဆိုင်ရာ (ရုပ်ပိုင်းဆိုင်ရာ) လိုအပ်ချက်၊
★ နှလုံးသားပိုင်းဆိုင်ရာ (စိတ်ခံစားမှုပိုင်းဆိုင်ရာ) လိုအပ်ချက်၊

### ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်

အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်တဲ့ စား၊ ဝတ်၊ နေရေးဟာ လူသားတယောက် အသက်ရှင် သန်နိုင်ဖို့အတွက် အဓိကကျပါတယ်။ ဒါ့အပြင် လမ်း၊ တံတား၊ ပန်းခြံ၊ ယာဉ်၊ တယ်လီဖုန်း အစရှိသဖြင့်ပေါ့။

### အသိပညာပိုင်းဆိုင်ရာ လိုအပ်ချက်

ကိုယ့်ဘဝကြီးတခုလုံးကို ပဲ့ကိုင်မောင်းနှင် သွားနိုင်ဖို့၊ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ဖို့၊ တိုးတက်မှုကို ဆောင်ကြဉ်းနိုင်ဖို့ လူတွေမှာ အသိပညာ၊

အတတ်ပညာဆိုင်ရာ ဗဟုသုတနဲ့ အတွေးအခေါ်ပိုင်းတွေ ဖြည့်ဆည်း ရှင်သန်နိုင်ဖို့ အခွင့်အရေးတွေ ရှိရပါလိမ့်မယ်။

## စိတ်ခံစားမှုပိုင်းဆိုင်ရာ လိုအပ်ချက်

တကယ်တမ်းတော့ အသက်ရှင်သန်တယ်ဆိုတာ၊ လူတယောက် ဖြစ်နေတယ်ဆိုတာ ရုပ်ခန္ဓာ ကြီး လည်ပတ်နေတဲ့အပြင် စိတ်က ရှေ့ဆောင်နေတာဖြစ်ပါတယ် ...။ ရုပ်ဝတ္ထု တွေ ပြည့်စုံနေပေမယ့် စိတ်မချမ်းသာနေတာတွေ၊ ဆင်းရဲနေပေမယ့် လောကကြီး တခုလုံးက သာယာနေတာတွေ၊ စိတ်ကပဲဆုံး ဖြတ်ချက်ချနေတာပါပဲ၊ ကိုယ့်ရဲ့ စိတ်ခံ စားမှုကသာပဲ ကိုယ့်ရဲ့လိုအင်ဆန္ဒ၊ အတိမ် အနက်ကို ပိုင်းဖြတ်နေတာပါပဲ...။ ဒီနေ့လို ကမ္ဘာလုံးဖြန့်ကျက် စီးပွားရေးဖြစ်စဉ်ထဲမှာတောင် စီးပွားရေးပညာရှင်တွေက ဖွံ့ဖြိုး တိုးတက်မှုနှုန်းကို တွက်ကြရာမှာ ရုပ်ပိုင်းဆိုင်ရာတွေထက် ပျော်ရွှင်မှုဆိုတာကိုပါ ထည့်တွက်မှ ဖွံ့ဖြိုးတိုး တက်မှုအမှန်ကို မျှော်နိုင်လိမ့်မယ်လို့ ယူဆလာကြပါပြီ။

ဒီတော့ စည်းရုံးရေးသမားတယောက်အနေနဲ့ လူသားတွေကိုစည်းရုံး တည်ဆောက် ဖို့ စေ့ဆော်တော့မယ်ဆိုရင် အဲဒီဖြစ်စဉ် တလျှောက်လုံးမှာ လူသားတယောက်ရဲ့ လိုအပ်ချက် (၃) ရပ်စလုံးကို ဖြည့်ဆည်းပေးနိုင်ဖို့ သတိပြုဆောင်ရွက်ရပါမယ် ...။

လူထုစည်းရုံးရေးလုပ်တယ်ဆိုတာ တံတားဆောက်ပေးဖို့၊ လမ်းဖောက်ပေးဖို့ အရေးပေါ် ကယ်ဆယ်ရေး ပစ္စည်းတွေပေးဖို့၊ ငှက်ဖျားရောဂါ ကာကွယ်ဖို့၊ လုပ်အားခ အပြည့်အဝရဖို့ဆိုတဲ့ ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံဖို့ တခုတည်းမဟုတ်ပါဘူး၊ ဒါဟာ ငါ့ အခွင့် အရေးဆိုတာ သိဖို့၊ တရားမျှတမှု၊ မမျှတမှုကို ခွဲခြားလာနိုင်ဖို့၊ စုပေါင်းဆောင်ရွက် တတ်ဖို့၊ အများအကျိုးကို ရှေ့ရှုဖို့၊ အတွေ့အကြုံတွေကို လေ့လာသင်ယူတတ်တဲ့ လုပ်ဟန် တွေရှိဖို့ အစရှိတဲ့ အသိဉာဏ်ပိုင်း၊ စိတ်ပိုင်း ဆိုင်ရာတွေကိုပါ ခွန်အားဖြည့်ပေးရမှာ ဖြစ်ပါတယ် ...။ ဘာကို ပျော်ရမယ်၊ ကြည်နူးရမယ်၊ ဘယ်လို စိတ်ညစ်တတ်ရမယ် ဆိုတာတွေကိုလည်း နည်းလမ်းရှာပေးရပါမယ် ...။ လူသားတွေဟာ စက်ရုပ် သက်သက် မဟုတ်တဲ့ အတွက် လူတွေရဲ့ စိတ်ခံစားမှုတွေ၊ လူအများကို အုပ်စုဖွဲ့ရာမှာ အပြန်အလှန်ရှိတတ်တဲ့ စိတ်ခံစားမှု သဘောတွေကို ပစ်ပယ်ထားမယ်၊ အလေးဂရု မပြုဘူးဆိုရာ "အုပ်စု"သဘော၊ "ထု"သဘော တည်ဆောက်ရေးမှာ အနှစ်၊ အဆံ မပါတဲ့ အခွံတခုကိုပဲ ရမှာဖြစ်ပါတယ် ...။



ဒါ့ကြောင့် လူထုစည်းရုံးရေးဆိုတာ သာမန်ကယ်ဆယ်ရေး၊ ထောက်ပံ့ရေး၊ ပညာပေးရေး မဟုတ်ပါဘူး၊ ဖွံ့ဖြိုးရေးဆိုတဲ့ အထဲမှာ တောင် ရုပ်ပိုင်းဆိုင်ရာ အပြင် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုကိုပါ ချဉ်းကပ်ပါတယ် ...။ ကိုယ့်ဖာသာကိုယ် ကြံ့ခိုင်နိုင်ရေး ဆိုတဲ့ ရေရှည်တည်တဲ့ ဖွံ့ဖြိုးမှုကို ဦးတည်ပါတယ် ...။

## ❖ စည်းရုံးလှုပ်ရှားမှုအဆင့်များ

ဘုံပြဿနာတခုကို ရည်မှန်းချက်ထားပြီး ပြုပြင်ပြောင်းလဲဖို့ ကြိုးစားတဲ့နေရာမှာ သော့ချက် (၂) ခု ရှိပါတယ် ...။

တခုက ... စံနစ်ကျကျ၊ ယုတ္တိဗေဒကျကျ လုပ်ဆောင်တဲ့ တဆင့်ပြီးတဆင့် ဖြစ်စဉ် တခုကို ရွေးချယ်နိုင်မှုနဲ့ ...

နောက်တခုက ... အားလုံးပါဝင်မှုကို အစဉ်အမြဲ အလေးဂရုပြုဖို့ ဖြစ်ပါတယ်။ အဲဒီအပေါ်မှာ စည်းရုံးရေးမှူးအနေနဲ့ သေချာအောင်၊ အတတ်ပညာကို အခြေခံပြီး စေ့စပ်ဆော်သြပေးတာ ဖြစ်ပါတယ် ...။

## ၁။ ပြဿနာကို အတူတကွ ခွဲခြမ်းစိတ်ဖြာ သုံးသပ်ခြင်း။

ပြဿနာတွေဆိုတာ လူ့အဖွဲ့အစည်းထဲမှာ အများကြီးပါပဲ…။ ကိုယ့်ရဲ့ စည်းရုံးရေး လုပ်ငန်းစဥ်ကိုတည်ဆောက်တော့မယ်ဆိုရင်တော့ လူအများစု ကြုံတွေ့နေရတဲ့ ပြဿနာ တရပ်ကိုပဲရွေးချယ်၊ ချဉ်းကပ်ရမှာပါပဲ…။ ဒီရပ်ကွက်ထဲမှာတော့ ကလေးတွေရဲ့ ပညာရေးဒုက္ခ ရောက်နေတယ်ဆိုတဲ့ လူတွေရဲ့ မြည်တွန်မှုအပေါ်မှာ ချဉ်းကပ်တာ ဖြစ်နိုင်သလို၊ ဆူနာမီလို ရေမုန်တိုင်းဒဏ်ကြောင့် အခြေအနေပျက်သွားရတဲ့ ဘဝကို ပြန်လည်ထူထောင်ရေးဆိုတဲ့ “တွန်းပို့ခံ ပြဿနာ”မျိုးလည်း ဖြစ်နိုင်ပါတယ်…။

ဘာပဲဖြစ်ဖြစ် သေချာတာတခုကတော့… တပိုင်းထဲထိုင်လိုက်မိတာနဲ့ ကျနော်တို့အားလုံး အဓိကဖြေရှင်းရမယ့်ပြဿနာဘာလဲဆိုတာအပေါ် အမြင်တူညီ လာအောင် အကျိုးဆောင် ရဖို့ပါပဲ …။

အဲဒီမှတဆင့် … အဓိက ပြဿနာရဲ့ အရင်းအမြစ် အကြောင်းတရား တွေက ဘာလဲ။

❖ အဲဒီပြဿနာရဲ့ အကျိုးဆက်တွေက ဘာလဲ၊

❖ အဲဒီပြဿနာကို ပါဝင်ပတ်သက်နေတဲ့ ပတ်ဝန်းကျင် အခြေအနေနဲ့ ပတ်သက်နေသူတွေ၊ အပြန်အလှန်ဆက်စပ်မှု အနေအထားတွေ ပုံပေါ်လာအောင်၊ ပြဿနာရဲ့သဘောသဘာဝအမှန်ကိုကွက်ကွက်ကွင်းကွင်း မြင်လာအောင် လှုံ့ဆော်ပုံဖော် ပေးဖို့ပါပဲ။



ဒီအဆင့်ဟာ

✡ အနာဂတ် ရည်မှန်းချက် ကောင်းကောင်း ပေါ် ထွက်လာနိုင်ဖို့

✡ ဘယ်အရာတွေက ကိုင်တွယ်ဖြေရှင်းရမယ်ဆိုတာ ပေါ်လာဖို့ (လုပ်ငန်းစဉ် ထွက်လာဖို့)၊

✡ ရန်သူ၊ မိတ်ဆွေ၊ မဟာမိတ် ခွဲခြားနိုင်ဖို့အတွက် ဖြစ်ပါတယ်။ ဒါကြောင့်မို့ လို့လည်း ဒီအဆင့်ကို ကြေကြေညက်ညက် ဖြစ်အောင် ဆောင်ရွက်ဖို့ လိုပါတယ် ….။ ဒီအဆင့်မျိုးဟာ လူတွေရဲ့ ဆင်ခြင်တုံ တရားနဲ့ တွေးခေါ်မြော်မြင်မှုကို ဖွံ့ဖြိုးစေပါတယ်။

## ၂။ နည်းလမ်း (သို့မဟုတ်) လုပ်ငန်းစဉ် ချမှတ်ခြင်း။

သုံးသပ်မှုကို ပြုလုပ်လိုက်တဲ့အတွက် အဓိက အဲဒီအခြေအနေကို ဖြစ်စေတဲ့ အကြောင်းရင်း ပြဿနာတွေကို မြင်ရပါပြီ ….။ အခြေအနေကို ပြောင်းလဲဖို့ဆိုတာဟာ အကြောင်းရင်း ပြဿနာတွေကို ကိုင်တွယ် ဖြေရှင်းတာပါပဲ….။ ရှိနေတဲ့ ပတ်ဝန်းကျင် အခြေအနေအတွင်းထဲမှာ ကိုယ့်ရဲ့ အင်အား၊ အားသာချက်၊ အားနည်းချက်အပေါ် အခြေခံပြီး ဘယ်လိုနည်းနဲ့ လုပ်မလဲ ဆိုတာကို တွက်ချက်၊ ဖော်ထုတ်တာဟာ လုပ်ငန်းစဉ် ချမှတ်တာပါပဲ….။ ကြုံခဲ့ဘူးတဲ့ အခြားအတွေ့အကြုံ၊ ဗဟုသုတနဲ့ တီထွင်ဖန်တီးနိုင်တဲ့ ဉာဏ်ရည်ဉာဏ်သွေးတွေက ဗျူဟာမြောက်မှုကို ဖြစ်စေပါတယ် ….။

လူတိုင်းက နည်းလမ်းတွေကို ဝိုင်းအကြံထုတ်တာ၊ နည်းလမ်းတွေရဲ့ အားသာချက်၊ အားနည်းချက်တွေကိုသုံးသပ်ပြီး အဖြစ်နိုင်ဆုံးကို ဆွဲထုတ်တာဟာ ခိုင်မာတောင့်တင်းတဲ့ လူ့အဖွဲ့အစည်းဖြစ်လာဖို့ လေ့ကျင့်တည်ဆောက်နေတာပါပဲ။ အားလုံးရဲ့သဘော ထားတွေ ပါဝင်စေတဲ့ ယဉ်ကျေးမှုကြောင့် အားလုံးရဲ့ တာဝန်သိမှုကို ဖော်ဆောင်ပြီး သား ဖြစ်စေပါတယ်။

## ၃။ စုပေါင်းဆောင်ရွက်ခြင်း။

စုပေါင်းရှာဖွေ သဘောတူလာတဲ့ နည်းလမ်းတခုကို ရလာပြီဆိုရင် လုပ်ဆောင်ရ ဖို့အတွက် တက်ကြွမှုကိုပါ ဖော်ဆောင်လာစေပါတယ် ….။ အဲဒီတက်ကြွမှုကို စုပေါင်း ဆောင်ရွက်ခြင်းဆိုတဲ့ ကိုယ်စီကျရာ၊ နိုင်ရာ တာဝန်တွေကို ခွဲဝေယူရင်း ပူးပေါင်းပြုမူမှုကို ပုံဖော်ရပါတယ်….။ ကျွမ်းကျင်မှုတွေအလိုက် တာဝန်ခွဲဝေတာ၊ လိုအပ်တဲ့ ကျွမ်းကျင်မှုတွေ ကို ဝိုင်းဝန်းရှာကြံ စုဆောင်းတာ၊ ကဏ္ဍအလိုက် ကြပ်မတ်၊ ဆော်သြမယ့် ထိန်းညှိ

သူတွေ သတ်မှတ်တာတွေဟာ အရောင်မျိုးစုံနဲ့ ပန်းချီကားတချပ်ကို ပုံဖော်တာပါပဲ...။ သူများ အတင်းလာဆောက်ပေးတဲ့ ကျောင်းတကျောင်း အပေါ်မှာ တန်ဖိုးထားမှုနဲ့ အသိစိတ်အပေါ်မှာ အခြေခံပြီး ကိုယ်ထူကိုယ်ထ၊ ကိုယ့်ဘဝကို ပြဌာန်းဖို့ တနိုင်တပိုင် ဝိုင်းဝန်းပျိုးထောင်ထားတဲ့ ခနော်ခနဲ့ ကျောင်းလေးတကျောင်းအပေါ် ကြည်နူးမှု၊ ထိန်းသိမ်းဖွံ့ဖြိုးလိုစိတ် ရှိမှုကွာပါတယ် ...။ အလကား လာဝေလို့ မစားချင်ဘဲ စားရတဲ့ သစ်သီးတလုံးနဲ့ ကိုယ်စိုက်ထားလို့ ခြွေခူးပြီး စားရတဲ့ သစ်သီးတလုံးအရသာချင်း ကွာပါလိမ့်မယ်။

## ၄။ ပြန်လည်ဆန်းစစ်၊ သုံးသပ်ခြင်း။

အလုပ်တခုခုလုပ်ပြီးရင် ပြန်ထိုင်ပြီး ဆန်းစစ်၊ သုံးသပ်တာ ...၊ ကျနော်တို့ဆီမှာ အဲဒီအလေ့ အကျင့် တော်တော်နည်းပါတယ် ...။ သူများအပေါ်မှာ သုံးသပ်တာကို အားသန်တယ် ...။ ကိုယ်လုပ်တဲ့ အလုပ်ကို သုံးသပ်ရင်လည်း အပေါ်ယံကြော စမ်းပြီး ပြန်တဲ့သဘော ပိုများတယ် ...။

ကိုယ်လုပ်တဲ့အလုပ်ရဲ့ လုပ်ဆောင်မှုကြောင့် ဘာရလဒ်တွေရသွားလဲ၊ မျှော်လင့်ခဲ့တဲ့အတိုင်း ပြောင်းလဲသွားသလား၊ တာဝန်ခွဲဝေ ဆောင်ရွက်မှုတွေမှာ နဂိုမှန်းထားတဲ့ အတိုင်း အံဝင်ခွင်ကျဖြစ်ရဲ့လား၊ ဘာတွေ မလုပ်ဖြစ်လိုက်တာလဲ၊ ဘာကြောင့်လဲ စသဖြင့် စုပေါင်းသုံး သပ်ဖို့ပါပဲ...။

စုပေါင်းပြီးလုပ်တဲ့အတွက် တယောက်ချင်းရဲ့ ရှုထောင့်အသီးသီးက ထွက်ပေါ်လာမှာမို့လို့ ဝေဝေဆာဆာ၊ ပြည့်ပြည့်စုံစုံ ဖြစ်စေပါတယ် ...။ နောက်က လိုက်ရတဲ့လူ၊ နည်းနည်းပဲ လုပ်ခွင့်ရသူ တွေရဲ့ ကျေနပ်မှုကိုလည်း ဖြစ်စေပါတယ် ...။ ရှေ့ဘာဆက်လုပ်ရမလဲဆိုတဲ့ အလုပ်အတွက် စဉ်းစားချက်အသစ်တွေကို စတင်ဖော်ထုတ်တဲ့ အဆင့်ပါပဲ...။

အဲဒီအဆင့်တွေအားလုံး အောင်မြင်စွာ ဖြတ်သန်းနိုင်ဖို့ လူထု စည်းရုံးရေးမှူး တယောက်က လိမ္မာပါးနပ်စွာ စီစဉ်ဆော်ဩပေးရတာပါပဲ ...။ လူထုစည်း ရုံးရေးမှူး ဆိုတာ ဆော်ဩပေးသူပါပဲ။ လူထုစည်းရုံး ရေးနဲ့ စေ့စပ်ဆော်ဩပေးသူဆိုတာကို ခွဲထုတ်လို့ မရပါဘူး၊ လူတွေရဲ့ စဉ်းစားချက်တွေ ထွက်လာအောင်၊ တူညီတဲ့ စဉ်းစားမှု တွေကို စုပေါင်းတိုင်ပင်ပြီး ဆောင်ရွက်လာအောင်၊ လေ့လာစရာတွေ တွေ့လာအောင်၊ သူတို့ရဲ့ အခြေအနေကို သူတို့မြင်သွားအောင် ဆောင်ရွက်ရပါတယ်။

အဲဒီလို ဆောင်ရွက်နိုင်ဖို့အတွက် လူထုစည်းရုံးရေးသမား တယောက်အနေနဲ့ အောက်ပါ အတတ်ပညာနဲ့ အရည်အချင်းတွေကို အသုံးပြုရပါတယ်။

✡ စေ့ဆော်၊ ဆော်ဩတဲ့ အတတ်ပညာ (Facilitation Skill)

✡ ဆက်သွယ်မှုနှင့် ဆက်သွယ်မှုဆိုင်ရာ ကြားခံအထောက်အကူ ပြုပစ္စည်း အသုံးပြုမှု အတတ်ပညာ (Skill for communication & media tools)

✡ အုပ်စုဖွဲ့ တည်ဆောက်ခြင်းဆိုင်ရာ အတတ်ပညာ (Team-building Skills)

✡ ဗျူဟာချမှတ်ခြင်းဆိုင်ရာ အတတ်ပညာ (Strategy & Planning Skills)

✡ လူ့အခွင့်အရေးနှင့် အခြားဆိုင်ရာ ဗဟုသုတများ (Human Rights & other related knowledge)

✡ ပဋိပက္ခဖြေရှင်းခြင်းဆိုင်ရာ အတတ်ပညာ (Conflict Manag-ement Skills)

အခု တင်ပြခဲ့တာတွေကတော့ လူထုစည်းရုံးရေးဆိုတာ ဘာအတွက်လဲ၊ လူထုကို စည်းရုံး တည်ဆောက်ပေးတဲ့နေရာမှာ ဘယ်လိုအဆင့်တွေကို ပုံဖော်စည်းရုံး ပေးရမလဲ ဆိုတာတွေပဲ ဖြစ်ပါတယ်။ စည်းရုံးရေးသမားတယောက်အနေနဲ့ လူထုစည်းရုံးရေးကို ဘယ်လို စတင်မလဲ။

လေ့ကျင့်ပြင်ဆင်ထားပြီးသား စည်းရုံးရေးသမားတယောက်ဟာ စည်းရုံးရေးတခု ကို စေ့ဆော်တော့မယ်ဆိုရင် ဘယ်လို စလုပ်မလဲဆိုတဲ့ ဗျူဟာတရပ် လိုလာပါ တယ်။ စည်းရုံးရေး တရပ် ကြိုလုပ်လိုတဲ့ ဆန္ဒရှိ လာတဲ့ လူတယောက်ဟာ စည်းရုံးရေးဆင်းမယ့် အဝန်းအဝိုင်းရဲ့ အပြင်က လူတယောက် ဖြစ်နိုင်သလို၊ အဲဒီ ဒေသအဝန်းအဝိုင်းထဲမှာ မျက်နှာရင်းပြီးသား လူလည်းဖြစ်နိုင် ပါတယ်။ အပြင်ကလူနဲ့ ဒေသခံ နှင့် ပူးပေါင်းစတင် တာလည်း ဖြစ်နိုင်ပါတယ်။

## ရည်ရွယ်ချက်

စည်းရုံးရေးသမားတယောက်အနေနဲ့ အကွဲကွဲအပြားပြားရှိနေတဲ့ လူတွေကို ဘာကြောင့် စည်းရုံးစေချင်တယ်ဆိုတဲ့ ရည်ရွယ်ချက် ရှိရမှာဖြစ်ပါတယ်။ အဲဒီရည်ရွယ်ချက် အတွက် ထားရမယ့်အမြင်တွေကို အစောပိုင်းမှာ တော်တော်များများ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အနှစ်ချုပ်ပြောရရင် ကိုယ့်အခွင့်အရေးကိုမြင်ဖို့နဲ့ ကိုယ့်အခွင့်အရေးကို

ရယူပိုင်ဆိုင်နိုင်တဲ့ ကြံ့ခိုင်ဖွံ့ဖြိုးတဲ့ လူ့အဖွဲ့အစည်း ဖြစ်အောင်ပါပဲ။ ဒါဟာ ကိုယ့်ဖာသာ ကိုယ်ခံယူသိထားမယ့် ရည်ရွယ်ချက် ဖြစ်ပါတယ်။

**ပစ်မှတ်အုပ်စု**

ကိုယ်ဦးတည်စည်းရုံးမယ့် ပစ်မှတ်အုပ်စုဟာ ဘယ်လို လူမျိုးတွေ ပါဝင်နေသလဲ၊ သူတို့ရဲ့ ဘဝအခြေအနေ ဘယ်လိုရှိနေသလဲ ...၊သူတို့ရဲ့ ဆက်ဆံရေးအနေအထား



ဘယ်လိုရှိနေသလဲ ...၊ သူတို့ဘဝကို ဘယ်သူတွေက လွှမ်းမိုးပတ်သက် နေလဲဆိုတာ တွေကို ကြိုတင်လေ့လာဆန်းစစ် ထားရဖို့ ဖြစ်ပါတယ်။

**အကြောင်းအရာ**

လူထုကို စည်းရုံးဖို့ ချဉ်းကပ်မယ်ဆိုရင် ဘယ်လိုအကြောင်းအရာကို အခြေခံပြီး ချဉ်းကပ် မလဲဆိုတာ သော့ချက်ဖြစ်လာပါတယ် ...။ ဘယ်တံခါးပေါက်ကို ဆွဲဖွင့်ပြီးဝင်မှ အိမ်ထဲကိုအရောက် ဝင်နိုင်မလဲဆိုတာ ကိုယ့်စည်းရုံးမှုလုပ်ငန်းစဉ် အောင်မြင်ဖို့ အဓိကကျတဲ့ဗျူဟာ စဉ်းစားချက် ဖြစ်လာပါတယ် ...။

အခြေခံအားဖြင့် စဉ်းစားရမှာကတော့ ... လူတွေရဲ့ အကျိုး စီးပွားဟာ လူတွေရဲ့ဘဝမှာ အဓိကကျမှု အဖြစ်ရှိနေတယ်ဆိုတာပါပဲ ...။ လူတွေအတော်တော် များများဟာ ယေဘုယျ အားဖြင့် ကိုယ်ကျိုးစီးပွားကို အဓိကထားကြတယ် ...။ကိုယ့် အရေးကိုမှ အဓိကလို့ထင်တယ်...။ လယ်သမားကြီးတယောက်အနေနဲ့ သူ့လယ်ယာက

အသီးအနှံများများထွက်ပြီး ဈေးကောင်းကောင်းနဲ့ ရောင်းရဖို့ အဓိကကျပါတယ် ...။ လယ်သမားသမဂ္ဂ ဖွဲ့စည်းရေးဆိုရင် နိုင်ငံရေး ဆန်တယ်ဆိုတဲ့ အမြင်အပါအဝင် အခြားအကြောင်းကြောင်းကြောင့် ချဉ်းကပ်ခံရဖို့ခက်နိုင်ပါတယ်...။ အလားတူပါပဲ...။ တခုလုံးဆိုင်ရာ လူ့အခွင့်အရေးတွေကိုနားလည်ဖို့ တဦးချင်းနဲ့ဆိုင်နေတဲ့ အခွင့်အရေးတွေကနေ မချဉ်းကပ်ဘူးဆိုရင် ကျနော်တို့ကြားထဲမှာ တောင်တန်းကြီးတွေ ခံနေဦးမှာ ဖြစ်ပါတယ် ...။

တကယ်တော့လည်း လူတွေရဲ့ဘဝ လက်တလောဆန္ဒတွေကို နားလည်တာ၊ အဲဒါတွေကို တံခါးပေါက်အဖြစ် အသုံးပြုပြီး အနား ရောက်အောင်လုပ်တာ လက်တွေ့ကျကျကိုစွ ဖြစ်ပါတယ်...။ ဘဝဆန်တဲ့ချဉ်းကပ်မှုက ဆန္ဒဇောကြီးတဲ့ ချဉ်းကပ်မှုထက် စာရင် ပိုပြီး နားလည် မှု၊ နီးစပ်မှုရစေမှာ ဖြစ်ပါတယ် ...။

အဲဒီတော့ ချဉ်းကပ်ချင်တဲ့ ပစ်မှတ်အုပ်စုကြားထဲမှာ အများဆုံး၊ အဓိက အကျဆုံး ကြုံတွေ့နေရတဲ့ပြဿနာကို အခြေခံထားပြီး လူထုကြားထဲကို ရောက်အောင် လုပ်တယ်ဆိုတဲ့ နည်းနာဟာ ကျနော်တို့ စည်းရုံးရေးလုပ်ငန်းစဉ် အတွက် တံခါးပေါက်ကို ဖွင့်ပေးလိုက်တာပါပဲ...။ ဒါဟာတခုလုံး စည်းရုံးရေးအတွက် ရေတိုရည်မှန်း ချက်ဖြစ်ပြီး ရေရှည်ရည် မှန်းချက်ကို မျက်ချေမပြတ်ဖို့လည်း သတိထားရပါလိမ့်မယ်။

## ချဉ်းကပ်မှုနည်းနာ

စည်းရုံးရမယ့် ပစ်မှတ်အုပ်စုအတွက် ချဉ်းကပ်ဖို့ အခြေခံရမယ့် အကြောင်းအရာ ရပြီဆိုရင် ဘယ်လိုနည်းနာမျိုးသုံးမလဲဆိုတာ စဉ်းစားရပါမယ် ...။ ရပ်ရွာထဲမှာ သြဇာကိတ္တိမရှိတဲ့သူတွေကို စတင်ချဉ်းကပ်တာ၊ အကြောင်းအရာပြဿနာနဲ့ အဓိက ကြုံတွေ့နေရတဲ့ အိမ်တွေကို လည်ပတ်ဆွေးနွေးတာ၊ အစည်းအဝေးခေါ်တာ၊ သရုပ်ဖော်ပုံစံမျိုးနဲ့ အနုပညာတရပ်ရပ်ကို အသုံးပြုတာ၊ ဟောပြောပွဲ၊ ပြပွဲတွေလုပ်တာ အစရှိသဖြင့် မျိုးစုံရှိပါတယ်...။ ဒီနေရာမှာ ကြားခံပစ္စည်းတွေ (Media Tools) အသုံးပြုနည်းတွေ၊ ဆက်သွယ်မှုနဲ့ စကားပြောဆိုမှုဆိုင်ရာ အရည်အသွေးတွေ ဖြည့်စွမ်းဖို့ လိုပါလိမ့်မယ် ...။

## ဆောင်ရွက်မှုများ

ချဉ်းကပ်မယ့် အကြောင်းအရာနဲ့ ချဉ်းကပ်မယ့် နည်းနာတွေကို ရွေးချယ်လို့ ရပြီဆိုရင်တော့ အစီအစဉ်ချမှတ်ပြီး စတင်ဆောင်ရွက်ဖို့ပါပဲ။ မှတ်တမ်းထားရှိဖို့နဲ့ ရလဒ်တွေကို မကြာမကြာ သုံးသပ်ဆန်းစစ်မှုကို ဆောင်ရွက်မှလည်း တိုးတက်မှုကို ခန့်မှန်းနိုင်မှာပါ…။

## ကြိုတင်ပြင်ဆင်မှုနှင့် တီထွင်ဖန်တီးမှု

စည်းရုံးရေးသမားအနေနဲ့ အစစအရာရာ မှန်းဆမှုရှိတဲ့ကြိုတင် ပြင်ဆင်မှုတွေကို တခုလုံး အတိုင်းအတာအနေနဲ့ရော၊ တခုချင်းအနေနဲ့ရော လုပ်ဆောင်တဲ့ အလေ့အကျင့် ရှိဖို့လိုပါမယ်…။ လမ်းကြုံလို့တွေ့တဲ့ဟာမျိုး မဟုတ်ဘဲ ကိုယ်ပြောချင်တဲ့ အကြောင်းအရာကို ပြောရမယ့် သူ့အနေ အထားနဲ့ ပတ်ဝန်းကျင်အပေါ် မူတည်ပြီး ဘယ်လိုပြောရင် ကောင်းမလဲဆိုတဲ့ ကြိုတင်ပြင်ဆင်မှု ရှိရပါမယ်။

နောက်တခုက လူထုက ကြုံတွေ့နေရတဲ့ ပြဿနာအကြောင်းအရာကို အခြေခံပြီး ချဉ်းကပ်၊ စည်းရုံး၊ တည်ဆောက်ဖို့လုပ်တာဆိုတော့ လူထုက အဲဒီ အကြောင်းအရာ၊ ပြဿနာကို ခွဲခြမ်းစိပ်ဖြာ သုံးသပ်တာ လုပ်နိုင်ဖို့ ကိုယ်ကိုယ်တိုင်က ကြိုတင်သုံးသပ်ပြီး နားလည်အောင် လုပ်ထားဖို့လိုပါလိမ့်မယ်၊ ဒါမှသာ အဲဒီဆွေးနွေးပွဲကို ဘယ်လို ရလဒ်မျိုးရအောင် လုပ်ရမလဲဆိုတာ စေ့ဆော်နိုင်ဖို့ ပြင်ဆင်နိုင်မှာ ဖြစ်ပါတယ်။

အလားတူ တီထွင်ဖန်တီးမှုကို တတ်နိုင်သမျှ ကြံစည်အားထုတ်နေဖို့လိုပါ တယ်…။ နားလည် စေချင်တဲ့ အကြောင်းအရာတခုကို ကြားရတဲ့သူရဲ့ အာရုံထဲမှာ စွဲနစ်သွားနိုင်ဖို့ ပိုင်ပိုင်နိုင်နိုင် တင်ပြနိုင်ဖို့လိုပါ တယ်…။ ဒါ့ကြောင့် ကြားခံပစ္စည်းတွေကို အသုံးပြုတယ်ဆိုတဲ့ နည်းလမ်းတွေ တီထွင်ဖန်တီးကြသလို၊ အဲဒီလို တီထွင်ဖန်တီးမှု တွေမှာလည်း ပိုဆန်းသစ်အောင် ကြံဆနေဖို့ပါပဲ…။ စိတ်ဝင်စားနိုင်အောင် တင်ပြနိုင်မှ အာရုံ စူးစိုက်မှုကို ရမှာပါ…။ နားထဲမှာတင် ကြားနေရဖို့မဟုတ်ဘဲ ရင်ထဲမှာပါ ကြားနိုင် အောင် ကြိုးစားရပါမယ်…။ ဦးနှောက်ကတင်လုပ်ဖို့ ကြိုး စားတာမဟုတ်ဘဲ ရင်ထဲကပါ လုပ်အောင် စွမ်းဆောင်ရမှာ ဖြစ်ပါတယ် …။

စည်းရုံးရေးသမားတယောက်အတွက် စေ့ဆော်ပျိုးထောင်ပေးရမယ့် အရာတွေ များပါတယ်…။ လွယ်လွယ်ကူကူ၊ ပေါ့ပေါ့ပါးပါးတော့ မဟုတ်လှပါဘူး …။ ဒါပေမယ့် ဘဝမဆန်၊ လက်တွေ့မကျတဲ့ကိစ္စလည်း မဟုတ်ပါဘူး…။ တကယ်တမ်းတော့ လူတွေ အများကြီးနဲ့ နေနေရတဲ့ဘဝမှာ တနည်းမဟုတ် တနည်းစည်းရုံး နေကြရတာပါပဲ …။

ဒါကြောင့်“ဘာကြောင့် ... ဘာကို ... ဘယ်လို ... စည်းရုံးကြမှာလဲ”ဆိုတာကို စဉ်းစားစေချင်လို့ပါ။

## စည်းရုံးရေးသမားတယောက်ရဲ့ အခန်းကဏ္ဍ

စည်းရုံးရေးသမားတယောက်ရဲ့အလုပ်ကို ဥယျာဉ်မှူးတယောက်ရဲ့ဘဝနဲ့ အကြမ်းဖျင်း ခိုင်းနှိုင်းလို့ရပါတယ်...။ ပန်းပေါင်းစုံ ဝေဝေဆာဆာနဲ့ ပွင့်ဖူးလာအောင်၊ ပင်ကိုယ်အလှတွေ စုံစုံညီညီနဲ့ ငြိမ်းချမ်းလှပအောင် ဆောင်ရွက်ပေးရသူ ဖြစ်ပါတယ်...။ ကိုယ်ကိုယ်တိုင် ‘ပန်းတပွင့်’ ဖြစ်သွားတာမဟုတ်ပါဘူး၊ တသီးတခြားစီ ရှိနေကြတဲ့လူတွေကို ယုံကြည်ချက်၊ အကျိုးစီးပွားချင်းတူတဲ့ အုပ်စုတခု၊ ပူးပေါင်းဆောင်ရွက်တဲ့ အသိုင်းအဝန်းတခု ဖြစ်လာအောင် စေ့ဆော်ပေးရတဲ့သူ ဖြစ်ပါတယ်...။ စည်းရုံးရေးသမားတယောက်ရဲ့အောင်မြင်မှုကို တိုင်းတာတဲ့အခါ ပြောလေ့ ပြောထရှိတဲ့ စကားအရဆိုရင် အဲဒီနေရာမှာ စည်းရုံးရေးသမား တယောက်အနေနဲ့ အဲဒီအစုအဖွဲ့ကိုဒါမှမဟုတ် လူအုပ်စုတခုကို ဆက်လက်စည်းရုံးပေးစရာ မလိုတော့တဲ၊ သူ့ဖာသာသူ လည်ပတ်နေတဲ့ လူ့အသိုင်းအဝန်းတခု ဖြစ်သွားပြီးဆိုရင် အဲဒါ စည်းရုံးရေးအလုပ် အောင်မြင်တဲ့ အထွဋ်အထိပ်ပါပဲတဲ့...။ ဆိုလိုတဲ့သဘောက စည်းရုံးရေးသမား တယောက်ရဲ့ အောင်မြင်မှုဟာ အဲဒီနေရာမှာ သူ့ကိုမလိုတော့တာပါပဲ...။ ဒါ့ကြောင့် စည်းရုံးရေးသမားဆိုတာ ကိုယ့်ရဲ့အလုပ်ကို ကိုယ်ဖြုတ်ဖို့ လုပ်နေတဲ့အလုပ်ပါပဲလို့တောင် တင်စားပြောကြပါတယ်...။

စည်းရုံးရေးသမား တယောက်အနေနဲ့ ကိုယ့်ရဲ့အခန်းကဏ္ဍကို တိတိကျကျ ရှင်းရှင်းလင်းလင်း သိဖို့ဟာ စည်းရုံးရေးလုပ်ငန်းစဉ်တခုရဲ့ အောင်မြင်မှု သော့ချက်တွေထဲမှာ ပါပါတယ်...။ ခေါင်းဆောင်လုပ်ဖို့ သွားစည်းရုံးတာမျိုး၊ အမိန့်ပေးဖို့ စည်းရုံးတာမျိုး ...၊ သူတို့ရဲ့ ပြဿနာတွေအပေါ်မှာ ကိုယ့်ရဲ့အဖြေ၊ စဉ်းစားချက်တွေပေးဖို့ စည်းရုံးတာမျိုး ဆိုရင်တော့ ရှေ့မှာပြောခဲ့သလိုပဲ အတွင်းကျကျ လူထုစည်းရုံးရေးတော့ရမှာ မဟုတ်ပါဘူး ...။

## စည်းရုံးရေးသမားတယောက်ဆိုတာ

❖ ဆော်ဩလှုံ့ဆော်တဲ့ အကျိုးဆောင်တယောက်ဖြစ်ပါတယ်။
(Facilitator)

❖ လှုပ်ရှားသက်ဝင်အောင် ဆောင်ရွက်ပေးသူဖြစ်တယ်။
(Animator)

❖ ပြောင်းလဲဖို့ အထောက်အကူပေးသူဖြစ်တယ်
(Catalyst)

❖ ဖြစ်နိုင်အောင် လမ်းရှာ ကြိုးပမ်းပေးသူ ဖြစ်တယ်
(Enabler)

## ဆော်ဩသူ၊ အကျိုးဆောင်

ဆော်ဩသူ၊ အကျိုးဆောင်တယောက်အနေနဲ့ လူထုစည်းရုံးရေးမှူးဟာ လူထုကို သူတို့ရဲ့ အခြေအနေအကြောင်း ဆွေးနွေးကြလာအောင်၊ ပြဿနာအကြောင်းအရာ အမျိုးအမျိုးတွေမှာ ဘယ်လိုအရာတွေကို ဦးစားပေးမလဲလို့ သတ်မှတ်လာကြ အောင်၊ အဓိကပြဿနာ အကြောင်းအရာတွေကို ဘယ်လိုဖြေရှင်းကြမလဲဆိုတဲ့ နည်းလမ်းတွေ တွက်ချက်၊ ဆောင်ရွက်လာကြရအောင် ဖြစ်စဉ်တခုကို ဖော်ဆောင် ပေးဖို့ပါပဲ…။ အကျိုးဆောင်တယောက် အနေအထားနဲ့ ပြည်သူတွေတယောက်နဲ့ တယောက် ပြောဆိုဆက်ဆံကြလာအောင်၊ သူတို့အားလုံးပါဝင်တဲ့ ဆုံးဖြတ်ချက်အဖြစ်နဲ့ ကျေနပ်ကြရအောင် တာဝန်ခံမှု၊ တာဝန်ယူမှု ရှိကြရအောင် သေချာစေရပါမယ် …။

## လှုပ်ရှားသက်ဝင်အောင် ဆောင်ရွက်ပေးသူ

လှုပ်ရှားသက်ဝင်အောင် ဆောင်ရွက်ပေးသူ အနေနဲ့ဆိုတာ လူထုအနေနဲ့ သူတို့ရဲ့ ကိုယ်ထူကိုယ်ထ စွမ်းဆောင်ရည်တွေကို ရှာဖွေတွေ့ရှိပြီး အဲဒီစွမ်းရည်တွေကို တီထွင်ဆန်းသစ်မှု ရှိတဲ့၊ အပြုသဘော ဆန်ဆန် ပြုကျင့်တတ်တဲ့ အုပ်စုဖွဲ့ဆောင်ရွက်မှု ဖြစ်လာအောင် ကူညီပေးနိုင်စွမ်းရှိတဲ့ စည်းရုံးရေးသမားကို ဖော်ညွှန်းလိုတာ ဖြစ်ပါတယ်…။ လူထုစည်းရုံးရေးမှူး တယောက်အနေနဲ့ အဖြေကိုငြိမ်ပြီး ထိုင်နားထောင်နေတဲ့ လူထုအုပ်စုတခုကို တည်ဆောက်တာ မဟုတ်ပါဘူး…။ ပြဿနာတွေကို ဖော်ထုတ်တဲ့

နေရာ ဖြေရှင်းဖို့နည်းလမ်းတွေ ရှာဖွေတဲ့အခါမှာ လူတွေအားလုံး ပါဝင်မှုရှိရှိ ဆန်းစစ် ဝေဖန် ပိုင်းခြားမှုရှိတဲ့ ဆွေးနွေးမှုမျိုး ဖြစ်လာအောင် လှုံ့ဆော်၊ တိုက်တွန်းမှု ပြုရပါတယ်…။ ပြည်သူတွေအချင်းချင်း တယောက်နဲ့ တယောက် စိုးရိမ်မှုတွေ ဖလှယ် လာအောင်၊ သတင်းအချက်အလက်တွေနဲ့ ထင်မြင်ချက်တွေ မျှဝေလာအောင်၊ ရည်မှန်းချက်၊ ဆုံးဖြတ်ချက်တွေနဲ့ လုပ်ငန်းစဉ်တွေအတူတူ ဆွေးနွေး လုပ်ဆောင်လာအောင် လိုအပ်မယ့် နှီးနှောတက်ကြွမှုကို နည်းလမ်းရှာ သွတ်သွင်းပေးရပါတယ်…။ ဒါမှသာ တသွင်သွင်စီးနေတဲ့ ရေစီးကြောင်းလေးလို သက်ဝင်ရှင်သန်လာမှာပေါ့ …။

## လမ်းရှာကြိုးပမ်းပေးသူ

လမ်းရှာကြိုးပမ်းပေးသူကဏ္ဍအနေနဲ့ စည်းရုံးရေးမှူးတယောက် ဟာ လုပ်ဆောင်ဖို့ ကြံစည်ကြိုးပမ်း အားထုတ်မှုများများ ရှိသည်ထက် ရှိလာအောင် လမ်းစရှာပေးတတ်ဖို့ ဖြစ်ပါတယ်…။ ကြံစည်အားထုတ်ဖို့ လူတိုင်းမှာ လွတ်လပ်ခွင့်ရှိတယ်ဆိုတဲ့ အသိနဲ့ ပြုမူဆောင်ရွက်ခွင့်ရှိတဲ့ ဖြစ်စဉ်ကို တည်ဆောက်ပေးရပါမယ်…။ အဲဒီလိုပြည်သူတွေက ကြံစည် အားထုတ်မှုတွေများများ ဆောင်ရွက်လာအောင် ကူညီပေးမှသာ အကြံအသစ်၊ ဆောင်ရွက်မှုသစ်၊ သုံးသပ်မှုနဲ့အတူ ထပ်ဆင့် ကြံစည်ဆောင်ရွက်မှု အသစ်ဆိုတဲ့ ဖွံ့ဖြိုးတိုးတက်မှုရဲ့တရွေ့ရွေ့ တဆင့်ဆင့်ဖြစ်စဉ်ဟာ ပြည်သူလူထု၏ လိုအပ်ချက်၊ ကိုယ်တိုင်ပဲ့ကိုင် ဆောင်ရွက်မှုနဲ့ ဖွံ့ဖြိုးလာမှာဖြစ်ပါတယ်…။ လူထုအတွင်း အတွေ့အကြုံကို အခြေခံပြီး ပညာပေးခြင်းတွေနဲ့အတူ ကိုယ့်အားကိုယ်ကိုးမှုဟာ တဖြည်းဖြည်း ရှင်သန်ကြီးထွားလာပြီး သူတပါးအပေါ်မှီခိုရတာ နည်းလာတာနဲ့အတူ လွတ်လပ်မှုရဲ့ အနှစ်သာရဟာလည်း ပိုမိုပြည့်ဝ လာမှာဖြစ်ပါတယ်…။

## ပြောင်းလဲဖို့ အထောက်အကူပေးသူ

ပြောင်းလဲဖို့ အထောက်အကူပေးသူအဖြစ်နဲ့ စည်းရုံးရေးမှူးဟာ ပြောင်းလဲမှု ဖြစ်စဉ်ကို မြန်ဆန်အောင် ဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်…။ အဲဒီ ဆောင်ရွက်မှုကို ဘယ်လိုသက်သေပြနိုင်သလဲဆိုတော့ လူထုကိုယ်တိုင်က သူတို့ဖာသာသူတို့ စည်းရုံးရေးလုပ်ငန်းစဉ်ကို အပြည့်အဝ ဆောင်ရွက်တတ်သွားမှုနဲ့ ပြသဖို့ဖြစ်ပါတယ်…။ ဓါတုဗေဒ သဘောမှာရှိတဲ့ ဓာတ်ကူပစ္စည်းတခုလိုပါပဲ…။ ကိုယ့်ရဲ့ဓာတ်ခံနဲ့ သူများတွေ ပြောင်းလဲသွားရအောင် ထောက်ကူပေးဖို့ပါပဲ…။ ဒါ့ကြောင့် စည်းရုံးရေးသမား

တယောက်ဟာ အပြောနဲ့မက အလုပ်အရ၊ အပြုအမူ အရပါ ကျင့်ကြံဆောင်ရွက်တတ်မှ ဖြစ်ပါမယ်…။ လူတိုင်းလူတိုင်း ကိုယ်စီကိုယ်ကျ အတွင်းပိုင်းမှာ ပြောင်းလဲပြီး ကျင့်ကြံတတ်ဖို့ စည်းရုံးရာမှာ ကိုယ်ကိုယ်တိုင်ကလည်း ပြောင်းလဲသူအဖြစ် စံပြဖြစ်နေမှ၊ အားလုံးရဲ့ပါဝင်မှုကို စည်းလုံးရေးရဲ့ အခြေခံအဖြစ် အမြဲလမ်းဖွင့်ပေးတတ်သူအဖြစ် လုပ်ဟန်ကျနေမှ လူတစုကို "ထု"အဖြစ် ဆက်လက် ရှင်သန်နိုင်ဖို့ လမ်းပြထောက်ကူ ပေးနိုင်မှာ ဖြစ်ပါတယ်…။

## ပြည်သူဘက်က အစဉ်ရပ်တည်ပါ

စည်းရုံးရေးသမားတယောက်ရဲ့ တာဝန်နဲ့ အခန်းကဏ္ဍကို ဆွေးနွေးရာမှာ နောက်ဆုံး တင်ပြချင်တာကတော့ ဘယ်နေရာမှာ ရပ်တည်ရမလဲဆိုတာပါပဲ…။ ယေဘုယျ စည်းမျဉ်းကတော့ အာဏာပိုင်တွေနဲ့ ပြည်သူတွေကြားမှာ ပဋိပက္ခတခု ရှိလာပြီဆိုရင် ဘယ်လိုအာဏာပိုင်မျိုးပဲ ဖြစ်ပါစေ၊ ပြည်သူနဲ့သာအတူရှိပါဆိုတဲ့ ပြဋ္ဌာန်းချက်ပါပဲ…။ လူ့အဖွဲ့အစည်းရဲ့ အခြေခံအကျဆုံးဖြစ်တဲ့၊ အာဏာဆင်းသက်ရာ အရင်းအမြစ်မှန်ဖြစ်တဲ့ ပြည်သူနဲ့အတူရှိနေတာ၊ ပြည်သူနဲ့အတူရုန်းကန်တာ လူထုကို စည်းလုံးစေချင်တဲ့ လူထုစည်းရုံးရေးသမား တယောက်ရဲ့နေရာမှန်ပဲ မဟုတ်လား …။

**ဒေါက်တာနိုင်အောင်**

❑❑❑❑❑❑❑❑